**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန**

စာအမှတ်၊ ၉၆ /ရွေးချယ်ရေး(ထွေ) /၂၀၂၅

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇွန် လ ၁၂ ရက်

သို့

___________________________

___________________________

အကြောင်းအရာ။ **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ ဖွင့်လှစ်မည့် အရာထမ်းလောင်း(အထူး)သင်တန်းအမှတ်စဉ်(၁၄ )သို့ တက်ရောက်ရန်ကိစ္စ**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၁၂-၆-၂၀၂၅ ရက်စွဲပါကြေညာချက်အမှတ်၊ ၂/ ၂၀၂၅

၁။ လူကြီးမင်းသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ၁၂-၆-၂၀၂၅ ရက်စွဲပါကြေညာချက်အမှတ်၊ ၂/၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့သည့် ကြေညာချက်အပိုဒ်(၃)ပါအတိုင်း ရွေးချယ်ခြင်းခံရသူများသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ၂၁-၇-၂၀၂၅ ရက်နေ့မှ ၁၂-၁၁-၂၀၂၅ ရက်နေ့အထိ ဖွင့်လှစ်မည့် **“အရာထမ်းလောင်း(အထူး)သင်တန်းအမှတ်စဉ်(၁၄)”** သို့ တက်ရောက်ရမည်ဖြစ်ပြီး အဆိုပါသင်တန်းကို အောင်မြင်စွာ တက်ရောက်ပြီးမှသာ ရွေးချယ်ခြင်းခံရသည့် သက်ဆိုင်ရာလစ်လပ်ရာထူးနေရာ၌ ခန့်ထားခြင်းခံရမည်ဖြစ်ပါသည်။

၂။ **သင်တန်းတက်ရောက်ရန်အတွက် မိမိအစီအစဉ်ဖြင့်သွားရောက်ရမည်ဖြစ်ပြီး ၁၅-၇-၂၀၂၅ ရက်(အင်္ဂါနေ့)နောက်ဆုံးထား၍** ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန (ဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၀၅၂/ ၀၆၇-၃၄၀၉၄၃၀/ ဖက်စ်နံပါတ်၊ ၀၆၇ - ၃၄၀၉၅၄၀ ) သို့ ကြိုတင်သတင်းပို့ အကြောင်းကြားရမည်ဖြစ်ကာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)သို့ **၁၈-၇-၂၀၂၅ ရက်(သောကြာနေ့) ညနေ ၁၈:၀၀ နာရီ နောက်ဆုံးထား၍ ရောက်ရှိသတင်းပို့ရမည်ဖြစ်ပါသည်။**

၃။ သင်တန်းတက်ရောက်ရန်အတွက် **“သင်တန်းဝင်ညွှန်ကြားလွှာ”**၌ ဖော်ပြပါရှိသည့် စာရေးကိရိယာနှင့်အသုံးအဆောင်ပစ္စည်းများကိုပြည့်စုံစွာယူဆောင်သွားရန်နှင့် **သင်တန်းသို့တက်ရောက်နိုင်ခြင်းမရှိပါက စာပိုဒ်(၂)ပါ ဖုန်းနှင့် ဖက်စ်နံပါတ်များသို့လည်းကောင်း၊ ရွေးချယ်ခြင်းခံရသည့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့လည်းကောင်း ကာယကံရှင်ကိုယ်တိုင် တယ်လီဖုန်း (သို့မဟုတ်)**

၂/သို့

**တယ်လီဖက်စ် (သို့မဟုတ်) ကိုယ်တိုင်ရေးစာဖြင့် အချိန်မီမပျက်မကွက် အကြောင်းကြားရန်ဖြစ်ပါသည်။** ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ သင်တန်းတက်ရောက်ရန် ပျက်ကွက်ပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင် မှတ်တမ်းတင်ထားရှိမည်ဖြစ်ပြီး **"ရွေးချယ်ခြင်းခံရသည့်ရာထူးတွင်တာဝန်ထမ်းဆောင်လိုခြင်းမရှိ"** ဟု မှတ်ယူမည်ဖြစ်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ် ( ကိုယ်စား )

( စုစုအေး ၊ ညွှန်ကြားရေးမှူး )

မိတ္တူကို

ဥက္ကဋ္ဌရုံးအဖွဲ့၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)

လေ့ကျင့်ရေးဌာနစိတ်

ရုံးလက်ခံ

မျှောစာတွဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန**

စာအမှတ်၊ ၉၇ /ရွေးချယ်ရေး(ထွေ) /၂၀၂၅

ရက်စွဲ ၊ ၂၀၂၅ ခုနှစ် ၊ ဇွန် လ ၁၂ ရက်

သို့

____________________________

____________________________

အကြောင်းအရာ။ **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်မည့် အရာထမ်းလောင်း(အထူး)သင်တန်းအမှတ်စဉ်(၁၅)သို့ တက်ရောက်ရန်ကိစ္စ**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၁၂-၆-၂၀၂၅ ရက်စွဲပါကြေညာချက်အမှတ်၊ ၂/ ၂၀၂၅

၁။ လူကြီးမင်းသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ၁၂-၆-၂၀၂၅ ရက်စွဲပါကြေညာချက်အမှတ်၊ ၂/၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့သည့် ကြေညာချက်အပိုဒ်(၄)ပါအတိုင်း ရွေးချယ်ခြင်းခံရသူများသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် ၂၁-၇-၂၀၂၅ ရက်နေ့မှ ၁၂-၁၁-၂၀၂၅ ရက်နေ့အထိ ဖွင့်လှစ်မည့် **"အရာထမ်းလောင်း(အထူး)သင်တန်းအမှတ်စဉ်(၁၅)"** သို့ တက်ရောက်ရမည်ဖြစ်ပြီး အဆိုပါသင်တန်းကို အောင်မြင်စွာ တက်ရောက်ပြီးမှသာ ရွေးချယ်ခြင်းခံရသည့် သက်ဆိုင်ရာလစ်လပ်ရာထူးနေရာ၌ ခန့်ထားခြင်းခံရမည်ဖြစ်ပါသည်။

၂။ **သင်တန်းတက်ရောက်ရန်အတွက် မိမိအစီအစဉ်ဖြင့်သွားရောက်ရမည်ဖြစ်ပြီး ၁၅-၇-၂၀၂၅ ရက် (အင်္ဂါနေ့)နောက်ဆုံးထား၍** ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန (ဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၀၅၂/ ၀၆၇-၃၄၀၉၄၃၀/ ဖက်စ်နံပါတ်၊ ၀၆၇ - ၃၄၀၉၅၄၀ ) သို့ ကြိုတင်သတင်းပို့ အကြောင်းကြားရမည်ဖြစ်ကာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)သို့ **၁၈-၇-၂၀၂၅ ရက် (သောကြာနေ့) ညနေ ၁၈:၀၀ နာရီ နောက်ဆုံးထား၍ ရောက်ရှိသတင်းပို့ရမည်ဖြစ်ပါသည်။**

၃။ သင်တန်းတက်ရောက်ရန်အတွက် **"သင်တန်းဝင်ညွှန်ကြားလွှာ"**၌ ဖော်ပြပါရှိသည့် စာရေးကိရိယာနှင့်အသုံးအဆောင်ပစ္စည်းများကိုပြည့်စုံစွာယူဆောင်သွားရန်နှင့် **သင်တန်းသို့တက်ရောက်နိုင်ခြင်းမရှိပါက စာပိုဒ်(၂)ပါ ဖုန်းနှင့် ဖက်စ်နံပါတ်များသို့လည်းကောင်း၊ ရွေးချယ်ခြင်းခံရသည့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့လည်းကောင်း ကာယကံရှင်ကိုယ်တိုင် တယ်လီဖုန်း (သို့မဟုတ်)**

၂/သို့

**တယ်လီဖက်စ် (သို့မဟုတ်) ကိုယ်တိုင်ရေးစာဖြင့် အချိန်မီ မပျက်မကွက် အကြောင်းကြားရန်ဖြစ်ပါသည်။** ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ သင်တန်းတက်ရောက်ရန် ပျက်ကွက်ပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင် မှတ်တမ်းတင်ထားရှိမည်ဖြစ်ပြီး **"ရွေးချယ်ခြင်းခံရသည့်ရာထူးတွင် တာဝန်ထမ်းဆောင်လိုခြင်းမရှိ"** ဟု မှတ်ယူမည်ဖြစ်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၁၁.၆.၂၀၁၇

ညွှန်ကြားရေးမှူးချုပ် ( ကိုယ်စား )

( စုစုအေး ၊ ညွှန်ကြားရေးမှူး )

မိတ္တူကို

ဥက္ကဋ္ဌရုံးအဖွဲ့၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)

လေ့ကျင့်ရေးဌာနစိတ်

ရုံးလက်ခံ

မျှောစာတွဲ